ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (15-10-2011) (၆၉၁၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၁၄

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ညီလာခံခန်းမ၌ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**※

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၁၅-၁၀-၂၀၁၁
(စနေနေ့)

သဘာဝဘေးလျော့ပါးရေး စီမံဖော်ဆောင်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထုနှင့် ရေထုတို့သည် သက်ရှိများ အသက်ရှင်ရပ်တည်ရေးတွင် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်။ သို့သော် လေနှင့်ရေတို့သည် ပုံမှန်ထက်ပိုမိုများပြားလာလျှင် အန္တရာယ်ဖြစ်စေနိုင်သည်ကို သတိပြုကြရပေမည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် လေထု ရေထု သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သကဲ့သို့ အခြားသော သဘာဝဘေးအန္တရာယ်များနှင့်လည်း တွေ့ကြုံနေကြရသဖြင့် ကမ္ဘာတစ်ဝန်း သဘာဝဘေးလျော့ပါးရေး အစီအမံများ ဆောင်ရွက်နေကြရပြီဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ရေဘေး၊ ငလျင်ဘေး၊ ချော်ကလီးယား ဓာတ်ရောင်ခြည်ဘေး၊ ဟာရီကိန်း မုန်တိုင်းဘေး၊ တိုင်ဖုန်း မုန်တိုင်းဘေးများ ဖြစ်ပွားခဲ့သည်။ သဘာဝဘေးအန္တရာယ်များ၏ ပြင်းထန်မှုကြောင့် သက်ဆိုင်ရာ နိုင်ငံများရှိ ပြည်သူအများအပြား ဘေးဒုက္ခများ တွေ့ကြုံထိခိုက်ခဲ့ကြရပြီး အသက်ဆုံးရှုံးမှုများလည်းရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌လည်း ၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ဂီရိမုန်တိုင်းတို့နှင့် တွေ့ကြုံခဲ့ရာ အသက်အိုးအိမ် စည်းစိမ်များ ကြီးမားစွာ ထိခိုက်ဆုံးရှုံးခဲ့ရသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် မြို့ပြ ကျေးရွာအချို့၌ အိုးအိမ်များစွာ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရသည်။ သို့သော် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ် မိုးတွင်းကာလတွင်လည်း နိုင်ငံနေရာဒေသအနှံ့အပြား၌ မုတ်သုံမိုး ရွာသွန်းမှုအားကောင်းသဖြင့် ရေကြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ အချို့သော မြစ်ကြောင်းနှင့် နီးစပ်ရာမြို့များတွင် မြစ်ရေများ စိုးရိမ်ရေမှတ်အထက်သို့ပင် ရောက်ရှိခဲ့သည်။ နိုင်ငံတော်က ရေဘေးသင့်ပြည်သူများအား အချိန်နှင့် တစ်ပြေးညီ ကယ်ဆယ်ရေးစခန်းများ၌ ယာယီစောင့်ရှောက်ပေးခြင်း၊ အစားအသောက်၊ ဆေးဝါးနှင့် အဝတ်အထည်စသည့် ထောက်ပံ့ပစ္စည်းများ ဖြည့်ဆည်းကူညီပေးနိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

အထူးသဖြင့် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ကလေးသူငယ်များ ပညာရေးတို့အပြင် ရေနစ်မြုပ်လယ်ယာမြေများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေး အဓိကထား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစည်းညှိနှိုင်းဖြည့်ဆည်းနိုင်မှု၏ ရလဒ်များဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဖော်ဆောင်နေပြီ။ သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကြိုတင်ကာကွယ်ကြရပါမည်။ သဘာဝဘေးနှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး စသည့် သဘာဝဘေးလျော့ပါးရေး စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရေဝတီတိုင်းဒေသကြီး မအူပင်၊ ကျိုက်လတ်၊ ဖျာပုံနှင့်အမာမြို့နယ်ခွဲတို့၌ ကျန်းမာရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝတီတိုင်းဒေသကြီး မအူပင်မြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံ သို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ မအူပင်မြို့နယ် တိုင်းရင်းဆေးကုဌာနကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ညနေ ၅ နာရီတွင် ကျိုက်လတ်မြို့ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ပြည်သူများနှင့် တွေ့ဆုံပြီး အသေးစားငွေထုတ်ချေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံ၌ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများအတွက် အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ကာ ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်လတ်မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ ကျုံကဒွန်းတိုက်နယ်ဆေးရုံ၌ တာဝန်ခံဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ အမာမြို့နယ်ခွဲရှိ ဒေါ်ညိမ်းတိုက်နယ်ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ဒေသခံအလှူရှင်များကလည်း တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေ ၇၄ သိန်းကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ယင်းနောက် ညပိုင်းတွင် အမာမြို့နယ်ခွဲ ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံးခန်း၌ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ဖျာပုံမြို့နယ် ဇင်းဘောင်ကျေးလက်ဌာနခွဲသို့ ရောက်ရှိပြီး အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ် မြတ် မြတ် အုန်းခင် ကျိုက်လတ်မြို့ အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၁၀-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို
၈:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၂။ အဖွင့်သီချင်း
၁၁:၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂၁)
၁၂:၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -ကလေးဗိုလ် (ထွန်းထွန်း၊ စိုးပြည့်သဇင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဇော်ဆက်)**
၂:၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၄)**

ညပိုင်း

၄:၀၃ ၁။ နိုင်ငံတော်သီချင်း
၄:၀၆ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ ၇။ ကုန်သွယ်သုတ
၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၅၉)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ လူရွှင်တော်စတား
၂၀။ လျှပ်တစ်ပြက်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂၇)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၈၆)**

ကျိုက်မရော မြို့မ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရော မြို့မအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၀) နှင့်အထက်(အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးတို့အား (၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျိုက်မရော မြို့မ အထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီး/ရပ်ဝေးမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉၊ ဦးသောင်းညွန့် ဖုန်း-၀၁-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂၊ ဦးလှဝင်း ဖုန်း-၇၃၀ ၈ ၃၆၈၂၊ ဦးနေမျိုးအောင် ဖုန်း-၀၉-၅၁၁ ၃၄၉၄ နှင့် ကျိုက်မရော မြို့မအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၅၇-၈၆၀၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၁၀-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၄၄၇	၀. ၀၃၂၅၃
တရုတ် (ယွမ်)	၆. ၃၈၀၂၀	၀. ၁၅၆၇၃
အိန္ဒိယ (ရူပီး)	၄၈. ၉၀၅၀	၁. ၅၈၂၁၉
မလေးရှား (ရင်းဂစ်)	၃. ၁၂၅၀၀	၀. ၃၂၀၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၅၁၂	၀. ၇၉၀၄၄
ဂျပန် (ယန်း)	၇၆. ၉၆၂၈	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၅၆. ၀၀	၀. ၀၀၀၈၇
ယူရို	၀. ၇၂၁၀၉	၁. ၃၈၆၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၉၆	၁. ၅၈၂၃၇

အင်တာနက်။

နာမကျန်းနှင့် နာရေးကူညီမှုအဖွဲ့ စုံညီအစည်းအဝေး ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၄

၁၉၇၅-၈၀ ခုနှစ် B.A (Law) LL.B (Last Batch) ကျောင်းသား၊ ကျောင်းသူများ၏ နာမကျန်းနှင့် နာရေးကူညီမှုအဖွဲ့ ပထမအကြိမ် စုံညီအစည်းအဝေးကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် Dolphin Restaurant ကန်တော်ကြီးပတ်လမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပါညတွင် ချောင်းသာကမ်းခြေအပန်းဖြေခရီးစဉ် နှစ်ညအိပ် သုံးရက်ခရီး ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ယင်းစုံညီအစည်းအဝေးသို့ သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် အပန်းဖြေခရီးစဉ်တွင် လိုက်ပါမည့်သူများ အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထား၍ ဦးတင်လတ် ဖုန်း-၀၉-၅၀၈၅၄၉၉၊ ဒေါ်နွယ်နီအောင် ဖုန်း-၀၉-၇၃၁၁၆၈၅၄ နှင့် ဒေါ်ဆွေဆွေ ဖုန်း-၀၉-၅၁၁၄၂၀၃ တို့သို့ ဆက်သွယ်စာရင်းပေးကြရန် ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် အကြိမ် (၂၀) မြောက် ရန်ကုန် မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်းကို ရွှေအလင်းရောင် မျက်စိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်သီသီစံ မြခိုင်က ကျင်းပရေးကော်မတီ နာယကအဖွဲ့ဝင် ဦးညီညီထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၆၆ ကေဗွီ သထုံ-ဘားအံ-မော်လမြိုင်ဓာတ်အားလိုင်းရှိ ဓာတ်အားလိုင်းကြိုးများအား ချိတ်ဆက်ထားသော တိုင် ၁၃ တိုင်တွင် ကြိုးအဆက်များ ပြန်ပိုးထပ်ဖြည့်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီဘားအံခွဲရုံနှင့် မော်လမြိုင်ခွဲရုံများမှ ဓာတ်အားပေးထားသောဒေသများ	(၁၆-၁၀-၂၀၁၁)	(၀၈း၀၀)နာရီမှ(၁၆း၀၀)နာရီထိ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

❊ (၁၈)ကြိမ်မြောက်မှ

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ် သက်ကြီးပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ် သက်ကြီးပညာရှင်များအား ဆေးဝါးပစ္စည်းများကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ် ပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော် (ရေဆင်း) တွင် သုည ဒသမ ၇၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် လှိုင်လင်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ပိုလာနိုင်သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အထူးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ ရဲချုပ် ကျော်ကျော်ထွန်း တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉/၂၀၁၁) ဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၉/၂၀၁၁)ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် စံပြဆုနှင့် ဖွဲ့လုံ့လဆု ရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ အရာရှိ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အာဟာရမှုန့် တိုက်ကျွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

သီတင်းကျွတ်လပြည့်နေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ Fair Deal Co.,Ltd. Appeton Team မှ ရိပ်သာရှိ ဘိုးဘွားများအား Appeton Wellness 60⁺ အာဟာရမှုန့် တိုက်ကျွေးခြင်း၊ လက်ကိုင်အိတ်နှင့် မျက်နှာသုတ်ပဝါများ လှူဒါန်းခြင်း၊ အဘိုးအဘွားများအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးက လက်ခံရယူခဲ့သည်။**(အပေါ်ပုံ)** စုစုပေါင်း လှူဒါန်းခဲ့သည့် တန်ဖိုးမှာ ဆေးပဒေသာပင် သုံးသိန်းအပါအဝင် ငွေကျပ် ၁၄၉၃၈၀၀ တိတိ ဖြစ်သည်။ ယခုလှူဒါန်းသော Appeton Wellness 60⁺ သည် လူကြီးမိဘများအတွက် အထူးကောင်းမွန်သော Specially Formulated Balanced Nutrition ဖြစ်သည်။

နှလုံးနှင့်ပတ်သက်သည့် ရောဂါများမဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း၊ Insulin ပါသည့်အတွက် အစာချေဖျက်မှုကို ကောင်းမွန်စေရန် အကူအညီပေးသည့်အပြင် ဆီးချိုရောဂါသည်များအတွက် သွေးတွင်းအချိုဓာတ်ကို ထိန်းညှိပေးနိုင်ခြင်းအပြင် ဥရောပဘုံအဖွဲ့၏ ထုတ်ကုန်စံချိန်မီ အရည်အသွေးလက်မှတ်ရထားပြီးဖြစ်သဖြင့် သက်ကြီးရွယ်အိုအဘိုးအဘွားများအတွက် အထူးသင့်လျော်ပါ၍ လာရောက်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၁၂) ဆင်းပွဲကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ အသင်း သင်တန်းခန်းမ၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကားပြောကြားပြီး သင်တန်းမှူးချုပ် ဒေါက်တာဒေါ်မီမီကိုနှင့် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများကို လည်းကောင်း၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဂီတအစည်းအရုံး နှစ်ပတ်လည် အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဝိုင်အမ်ဘီအေခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဒေါ်မြမြသွင် အဖွင့်အမှာစကားပြောကြားစဉ်။

(၅၉၇)

အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၄

အထက(၅) ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့ကြသော ၁၉၉၂-၁၉၉၃ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၇ ရက် (စနေနေ့)တွင် Hotel Yangon ၌ ကျင်းပမည်ဖြစ်ရာ ကိုစိုးမင်းဇော် ဖုန်း-၀၉-၇၃၀၇၉၀၀၂၊ မခင်သီတာဝင်း ဖုန်း-၀၉-၈၅၀၂၄၈၈၊ မတင်ဇော်လေးမြင့် ဖုန်း-၀၉-၅၄၁၇၇၀၆၊ မမေသန့်ခိုင် ဖုန်း-၀၉-၄၃၀၂၉၃၂၀၊ ကိုရဲထွတ် ဖုန်း-၀၉-၅၁၇၃၅၀၆၊ ကိုတင်ထွန်းဦး ဖုန်း-၀၉-၅၁၈၉၂၁၄၊ ကိုကျော်ဇောအောင် ဖုန်း-၀၉-၅၁၄၉၆၉၃၊ ကိုစည်သူထွန်း ဖုန်း-၀၉-၅၁၂၆၅၀၀၊ ကိုဆိုနီ ဖုန်း-၀၉-၅၀၀၅၄၀၃ နှင့် ကိုသက်တင်ဝင်းလွင် ဖုန်း-၀၉-၅၁၄၂၇၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဘဂ္ဂဒက်၌ ဗုံးနှစ်လုံးပေါက်ကွဲ ၁၇ ဦး သေဆုံး၊ ၅၀ ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်း ရှီးယိုက်တို့၏ ရပ်ကွက်တစ်ခုအတွင်း၌ အောက်တိုဘာ ၁၃ ရက် ညပိုင်းက ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ ၁၇ဦးသေဆုံး၍ ၅၀ခန့်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အမေရိကန်တပ်ဖွဲ့များပြည်တော်ပြန်ရန် ပြင်ဆင်နေစဉ် ဆွန်နီစစ်သွေးကြွများက လူမျိုးရေး တင်းမာမှုများ ပေါ်ပေါက်လာစေရန် ကြိုးစားနေချိန်၌ ဆာဒါးစီးတီး ရပ်ကွက်အတွင်း ဗုံးနှစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

မိနစ်ပိုင်းခြားပေါက်ကွဲ

ပထမဗုံးသည် ဆာဒါးစီးတီးရပ်ကွက်အတွင်း လမ်းကျဉ်းတစ်ခုအတွင်းရှိ အိမ်တစ်လုံးအနီးတွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးကပြောသည်။ ထို့နောက် အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ လူအများစုဝေးရောက်ရှိ လာကြချိန်၌ ပထမဗုံးနှင့် မိနစ်ပိုင်းခြား၍ ဒုတိယဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ ၁၇ဦးလုံးသည် ပေါက်ကွဲအား ပိုမိုပြင်းထန်သော ဒုတိယဗုံးပေါက်ကွဲမှုကြောင့် သေဆုံးကြရခြင်းဖြစ်သည်။

သေဆုံးသူများတွင် အမျိုးသမီးနှစ်ဦးနှင့် ရဲအရာရှိနှစ်ဦး ပါဝင်သည်။

မြေပြင်ပေါ်တွင် သေဆုံးသူများပြန့်ကျဲနေကြောင်း၊ အချို့ကားများ မီးလောင်နေကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံပို့ရန် ကူညီခဲ့ရကြောင်း မျက်မြင်တစ်ဦးက ပြောကြားသည်။

ပြည်သူများထင်မြင်

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယခုထက်ပိုမိုအလုပ်လုပ်သင့်ကြောင်း၊ သို့မဟုတ်ပါက ဆာဒါးစီးတီးတွင် ထပ်မံတိုက်ခိုက်မှုများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များသည် ၎င်းတို့ကို အကာအကွယ်မပေးနိုင်ဟု ပြည်သူအများက ထင်မြင်လာလျက်ရှိကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

သေဆုံးသူအရေအတွက် မှန်ကန်ကြောင်း ဆေးရုံက အတည်ပြုချက်ပေးသည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်ပင်လယ်ဆိပ်ကမ်း၌ ပြည်ပတင်ပို့မည့် ကုန်သေတ္တာများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနှင့် လွတ်လပ်စွာကုန်သွယ်နိုင်ရန် အမေရိကန်ကွန်ဂရက်လွှတ်တော် အတည်ပြု

ဆိုးလ် အောက်တိုဘာ ၁၄

တောင်ကိုရီးယားနှင့် အမေရိကန်တို့အကြား လွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ဖော်ပြသော သဘောတူညီချက်တစ်ရပ်ကို အမေရိကန်ကွန်ဂရက်လွှတ်တော်က အောက်တိုဘာ ၁၃ရက်တွင် အတည်ပြုပေးလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို အမေရိကန်ကွန်ဂရက်လွှတ်တော်က အတည်ပြုပေးလိုက်ခြင်းကို တောင်ကိုရီးယားအာဏာရပါတီက ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာသည်။ အဆိုပါ သဘောတူညီချက်ကို အမေရိကန်ကွန်ဂရက်လွှတ်တော်က အတည်ပြုပေးရေးကိစ္စတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်ကွန်ဂရက်လွှတ်တော်သည် တောင်ကိုရီးယား၊ ပနားမားနှင့် ကိုလံဘီယာနိုင်ငံတို့နှင့်အတူ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရန် အတည်ပြုပေးခဲ့သည်။

တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် အမေရိကန်နိုင်ငံ၌ ငါးရက်ကြာ ခရီးလှည့်လည်ရန်ရှိနေချိန်တွင် အဆိုပါ သဘောတူညီချက်ပေါ် ထွက်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် အာဏာသက်ဝင်လာစေရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက လက်မှတ်ရေးထိုး ထုတ်ပြန်ပေးရဦးမည်ဖြစ်သည်။ **ဆင်ဟွာ။**

ဟက်ကာနီကွန်ရက်အဖွဲ့၏ အာဖဂန်တပ်မှူး သေဆုံး

အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၄

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်မြောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်တို့၌ အမေရိကန်တပ်ဖွဲ့က သီးခြားစီဖြစ်သော မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်မှု နှစ်ကြိမ် ပြုလုပ်ခဲ့ရာ ဟက်ကာနီ ကွန်ရက်အဖွဲ့၏ အာဖဂန်တပ်မှူးတစ်ဦးအပါအဝင် စစ်သွေးကြွ ၁၀ဦးအထိ သေဆုံးကြောင်း အောက်တိုဘာ ၁၄ရက် ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

မြောက်ဝါဇီရစ္စတန်ပြည်နယ် ဒန်ဒေးဒါဖာခါအီးဒေသ၌ ပထမမြောက် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် စစ်သွေးကြွသုံးဦး သေဆုံးခဲ့သည်။ တောင်ဝါဇီရစ္စတန်ပြည်နယ်ရှိ အာဖဂန်နယ်စပ်ဒေသမှ မဝေးကွာသော ဘီမားလ်ဒေသ၌ ဒုတိယမြောက် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုတွင် စစ်သွေးကြွ ခုနစ်ဦးသေဆုံးခဲ့ရသည်။

ယင်းသို့ တိုက်ခိုက်ခဲ့ရာတွင် နေအိမ်တစ်လုံးထိမှန်ပျက်စီးခဲ့ရသည်။ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူ ရှစ်ဦးမှ ၁၀ဦးအထိရှိနိုင်သည်ဟု ဒေသခံပြည်သူများက ယူဆကြသည်။

ဟက်ကာနီကွန်ရက်အဖွဲ့၏ အာဖဂန်တပ်မှူးတစ်ဦးဖြစ်သူ ဂျာမေးလ်ဟက်ကာနီအား ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမှာ သေဆုံးသွားပြီဖြစ်ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟက်ကာနီသည် မြောက်ဝါဇီရစ္စတန်ပြည်နယ်၏ ဟက်ကာနီကွန်ရက်တွင် ညှိနှိုင်းရေးမှူးတစ်ဦးဖြစ်ကြောင်း၊ ၎င်းသေဆုံးသွားသည်မှာ မှန်ကန်ကြောင်း အမည်မဖော်လိုသူ ထောက်လှမ်းရေးတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ **ဆင်ဟွာ။**

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် တရုတ်သို့ ရေနံပို့လွှတ်မှု ရုရှားရပ်ဆိုင်းခဲ့ရ

မော်စကို အောက်တိုဘာ ၁၄

တရုတ်နိုင်ငံ နယ်စပ်အနီး ရုရှားအရှေ့ဖျားဒေသ၌ အင်အားပြင်းထန်သော ငလျင်တစ်ခု သောကြာနေ့က လှုပ်ခတ်ခဲ့ရာ ကီလိုမီတာ ရာပေါင်းများစွာအတွင်းရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ရပြီး တရုတ်နိုင်ငံအတွက် ရေနံပို့လွှတ်ရေးလုပ်ငန်းအားလုံးနီးပါးအား ရုရှားနိုင်ငံက အခိုက်အတန့် ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ရုရှားနိုင်ငံအတွင်း မြို့တစ်မြို့ရှိ စာသင်ကျောင်းများမှ ကျောင်းသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ရုံးဝန်ထမ်းများသည်လည်း ၎င်းတို့အလုပ်လုပ်ရာ အဆောက်အအုံများအတွင်းမှ ထွက်ပြေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန် ဘူမိတိုင်းတာရေးဌာန၏ အဆိုအရ ငလျင်ပြင်းအားသည် ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိပြီး ရုရှားနိုင်ငံ မော်စကိုမြို့တော် အရှေ့ဘက်မိုင် ၃၂၀၀ အကွာ အမ်မာဒေသရှိ ဆကိုဗိုရိုဒီနိုမြို့အနီး လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ရာ အမ်မာဒေသသည် တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၏ မြောက်ဘက် မိုင် ၁၃၀ အကွာ၌ တည်ရှိသည်။

ငလျင်လှုပ်ခတ်ပြီးနောက် အရှေ့ဆိုက်ဘေးရီးယား-ပစိဖိတ်သမုဒ္ဒရာ ရေနံပိုက်လိုင်း(အီးအက်စ်ပီအို)မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံပေးပို့မှုအား ရပ်ဆိုင်းထားခဲ့ရကြောင်း ရုရှားရေနံပိုက်လိုင်းကုမ္ပဏီထရန်စနက်ဖ်က ပြောကြားသည်။ ရုရှားနိုင်ငံသည် အရှေ့ဆိုက်ဘေးရီးယား-ပစိဖိတ်သမုဒ္ဒရာ ရေနံပိုက်လိုင်း (အီးအက်စ်ပီအို)မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းစည်ပေါင်း ၃၀၀၀၀၀ နေ့စဉ် ပို့လွှတ်လျက်ရှိသည်။

အရှေ့ဆိုက်ဘေးရီးယား-ပစိဖိတ်သမုဒ္ဒရာရေနံပိုက်လိုင်းသည် ကီလိုမီတာ ၅၀၀၀၀ အရှည်ရှိ ပိုက်လိုင်းကွန်ရက်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ ရေနံပို့လွှတ်သည့် ပိုက်လိုင်းခွဲတစ်ခုမှာ ဆကိုဗိုရိုဒီနိုမြို့မှစတင် သွယ်တန်းတည်ဆောက်ထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အပျက်အစီးနှင့် အသေအပျောက်မရှိခဲ့ကြောင်း သိရသည်။ **ရိုက်တာ။**

ရုရှား၏ ရေနံပို့ကုန်လုပ်ငန်းအတွက် အဓိကကျသော အရှေ့ဆိုက်ဘေးရီးယား-ပစိဖိတ်သမုဒ္ဒရာ ရေနံပိုက်လိုင်းကွန်ရက် (အီးအက်စ်ပီအို)တစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့သော ကိုဒန်ကူလမ် နျူကလီးယား ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားဓာတ်အားပေးစက်ရုံပိတ်ပစ်ရေး အိန္ဒိယရွာသားများတောင်းဆို

နယူးဒေလီ အောက်တိုဘာ ၁၄

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ မကြာသေးမီကာလက တည်ဆောက်ခဲ့သော နျူကလီးယားဓာတ်အားပေးစက်ရုံအနီး နေထိုင်ကြသည့် ဒေသခံရွာသူရွာသားများသည် ယင်းစက်ရုံအား ပိတ်ပစ်ရန် အောက်တိုဘာ ၁၃ ရက်က တောင်းဆိုခဲ့ကြကြောင်းသိရသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသည် လုံခြုံမှုရှိသည်ဟူသော အစိုးရ၏ အာမခံချက်များအား မိမိတို့အနေဖြင့် ယုံကြည်မှုမရှိကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

ကိုဒန်ကူလမ်အမည်ရှိ အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသည် တမီလ်နာဒူးပြည်နယ်၌ တည်ရှိပြီး ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းနျူကလီးယားဓာတ်အားပေးစက်ရုံသည် လုပ်ငန်းလည်ပတ်ခြင်းမရှိသေးပေ။

ကိုဒန်ကူလမ်နျူကလီးယားဓာတ်အားပေးစက်ရုံမှ စွန့်ပစ်အညစ်အကြေးရည်များ ပင်လယ်တွင်းသို့ စီးဝင်ရောက်နိုင်ခြင်းကြောင့် ငါးဖမ်းလုပ်ငန်းများ ပျက်စီးမည့်အရေးကို ယင်းစက်ရုံအနီးနေထိုင်သူ ဒေသခံရေလုပ်သား ရာပေါင်းများစွာတို့က စိုးရိမ်ပူပန်လျက်ရှိသည်။

အမြင့်ဆုံးသော လုံခြုံရေးစံနှုန်းအား ထိန်းသိမ်းထားရန် လိုအပ်သည့် ကြိုတင်ကာကွယ်မှုအားလုံးကို ကိုဒန်ကူလမ် နျူကလီးယားဓာတ်အားပေးစက်ရုံ၌ လုပ်ဆောင်ထားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက အစိုးရထိပ်တန်းတာဝန်ရှိသူတစ်ဦးထံ ပေးပို့ခဲ့သော စာတစ်စောင်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ လက်ရှိနျူကလီးယားဓာတ်အားပေးစက်ရုံ ၂၀ မှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၅၀၀၀ ထုတ်ယူသုံးစွဲလျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀၀ အထိထုတ်ယူရန် ရည်မှန်းထားသည်။

အင်တာနက်။

ဟယ်ရီပေါ်တာရုပ်ရှင်ကား၏မင်းသား ဓာတ်ဆီဗုံးလက်ဝယ်တွေ့ရှိမှုဖြင့်စွဲချက်တင်ခံရ

လန်ဒန် အောက်တိုဘာ ၁၄

"ဟယ်ရီပေါ်တာ" ရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့သူ မင်းသားဂျမီဝေးလက်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ အဓိကရုဏ်းများဖြစ်ပွားခဲ့စဉ်က ဓာတ်ဆီဗုံးတစ်လုံး လက်ဝယ်တွေ့ရှိမှုဖြင့် စွဲချက်တင်ခံရကြောင်း လန်ဒန်တွင်ထုတ်ဝေသော သတင်းစာများက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြသည်။

ပြီးခဲ့သောနွေရာသီက လန်ဒန်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော အဓိကရုဏ်းများအတွင်း ဆူပူရမ်းကားခဲ့သူများကို ရဲတပ်ဖွဲ့က စီစီတီဗွီကင်မရာဖြင့် မှတ်တမ်းတင်ခဲ့ရာတွင် မင်းသားဂျမီဝေးလက်လည်း ပါဝင်ခဲ့သည်။

အသက် (၂၂)နှစ်ရှိ မင်းသား ဂျမီဝေးလက်သည် အဓိကရုဏ်းများဖြစ်ပွားနေချိန်အတွင်း အဖမ်းခံခဲ့ရသည်။မင်းသားဂျမီဝေးလက်ကို စက်တင်ဘာ ၂၉ ရက်က ဟိုက်ဘူရီကော်နာ တရားရုံး၌ရုံးထုတ်ခဲ့သည်။မင်းသားဂျမီဝေးလက်သည် ၎င်း၏အိပ်ခန်းအတွင်း ဆေးခြောက်ပင်များကို စိုက်ပျိုးထားခြင်းအတွက်လည်း စွဲချက် တင်ခံထားရသည်။

မင်းသားဂျမီဝေးလက်အား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ရန် ၎င်း၏နေအိမ်သို့ရောက်ရှိလာခဲ့စဉ် ဆေးခြောက်ပင် ၁၅ ပင်ကို သိမ်းဆည်းရမိခဲ့သည်။

အင်တာနက်။

ဒီမိုကရက်တစ်မဟာမိတ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၃/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၃/၂၀၁၁)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

ဒီမိုကရက်တစ်မဟာမိတ်ပါတီ (Democratic Alliance Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ လက်ရွေးကြီးရပ်၊ အကွက်(၃၁၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရက်တစ်မဟာမိတ်ပါတီ (Democratic Alliance Party)** အား ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒီမိုကရက်တစ်မဟာမိတ်ပါတီ (Democratic Alliance Party) ၏ မှတ်ပုံတင်အမှတ်မှာ (၄၅) ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၄/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၄/၂၀၁၁)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဂေါသကလမ်း၊ အမှတ်(၁၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace)** အား ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) ၏ မှတ်ပုံတင်အမှတ်မှာ (၄၆) ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စီမံကိန်းဦးစီးရုံးများတွင် စီမံကိန်းဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အကြံပေး ဒေါ်မြသူဇာတို့နှင့်အတူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စီမံကိန်းဦးစီးရုံးသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ ခရိုင် ငါးခရိုင်နှင့် မြို့နယ် ၂၅မြို့နယ်မှ အရာထမ်း၊အမှုထမ်းများနှင့် လည်းကောင်း၊ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် စလင်းမြို့နယ် စီမံကိန်းဦးစီးရုံးသို့ လည်းကောင်း၊ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ရေနံချောင်းမြို့နယ် စီမံကိန်းဦးစီးရုံးနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စီမံကိန်းဦးစီးရုံးသို့ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ ခရိုင် လေးခရိုင်နှင့် မြို့နယ် ၂၈ မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ ခရိုင် ငါးခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

ယင်းတွေ့ဆုံပွဲများတွင် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ငါးနှစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်များ၌ ဒေသန္တရစီမံကိန်းရေးဆွဲမှုဆိုင်ရာ သိသင့်သိထိုက်သော အချက်များ၊ စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရေးဆွဲတင်ပြသည့် ဂျီဒီပီစာရင်းဇယားများ မှန်မှန်ကန်ကန်ဖြစ်ရေး၊ ကျေးလက်ဒေသနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် တိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆိုင်ရာ လိုအပ်သည်များ သိရှိရေး၊ တစ်ဦးချင်း ဝင်ငွေမြင့်မား တိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့နည်းပပျောက်ရေးဆိုင်ရာ လုပ်ငန်း(၈)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် အချက်အလက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁၀-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ "သုတရောင်စုံပန်းခင်း"
- ၈း၁၅ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၉။ "ချစ်လွန်းလို့"
- ၈း၃၅ ၁၀။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
- ၁၂း၃၅ ၆။ **"နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၁၄)**
- ၁း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁း၃၅ ၈။ "ပတ္တလားဝိညာဉ်"
- ၂း၀၅ ၉။ အကပြိုင်ပွဲ
- ၂း၂၀ ၁၀။ တေးဂီတအစီအစဉ်
- ၂း၄၀ ၁၁။ "ရတနာပုံဖန်ပြွန်အလင်းမျှင် ဝါယာကြိုးစက်ရုံ"
- ၂း၅၀ ၁၂။ International News
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
- ၄း၃၅ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ "လှပစုံလင်အာဆီယံတစ်ခွင်"
- ၅း၂၀ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ International Science News
- ၅း၃၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (အိမ်ဖြိုးချယ်ရီ)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၂၃)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၅၇)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၁၇)**
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ အစီအစဉ်ပြီး၏။

အောက်တိုဘာ ၁၃ ရက်အထိ မော်တော်ယာဉ် ၃၁၂၅ စီးအား သွင်းကုန်ပါမစ်များ ထုတ်ပေးပြီး

နေပြည်တော် အောက်တိုဘာ ၁၄

အများပြည်သူများအကျိုးငှာ သက်တမ်းကြာမြင့်သော မော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးယာဉ် တင်သွင်းခွင့်ရရှိရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Service) ဖြင့် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိသည်။

ခွင့်ပြုပေး

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အောက်တိုဘာ ၁၃ ရက်တွင် လူစီးယာဉ် ၁၉၉ စီး၊ ကုန်တင်ယာဉ် နှစ်စီး၊ ခရီးသည်တင်ယာဉ်တစ်စီး စုစုပေါင်း ၂၀၂ စီးဖြစ်ပြီး အစားထိုးယာဉ်တင်သွင်းခွင့်ပါမစ်များ စတင်ထုတ်ပေးသည့် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ လူစီးယာဉ် ၃၀၇၀၊ ကုန်တင်ယာဉ် ၃၁ စီးနှင့် ခရီးသည်တင်ယာဉ် ၂၄ စီး စုစုပေါင်း ၃၁၂၅ စီး ခွင့်ပြုပေးပြီးဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးလှဝေ(တိုင်းမန်နေဂျာ-ငြိမ်း-ဘဏ္ဍာရေး၊ မြန်မာ့မီးရထား) ဒေါ်ကျင်ရွှေ၊ သမီး ဒေါ်လီလီယံလှဝေ၊ ဒေါ်ရိုစလင်းလှဝေ (ရုပ်ရှင်သရုပ်ဆောင်ကေသွယ်မိုး) မိသားစုက ဦးလှဝေ-ဒေါ်ကျင်ရွှေတို့၏ (၆၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် စိန်ရတုအကြို အလှူတော်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာ့ဆေးကုသဆောင်သစ်ကြီး တတိယထပ်အခန်းကြီးအတွက် အလှူငွေနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်အလှူငွေ စုစုပေါင်းငွေကျပ် ၁၃၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါန သံဃာ့ဆေးရုံ)

ကနောင် အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မြန်အောင် အောက်တိုဘာ ၁၄

မြန်အောင်မြို့နယ် ကနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ကနောင် အထက(ရောခန်းမ)၌ ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ ၁၉၅၄ မှ ၂၀၁၀ ခုနှစ်အတွင်း ကနောင်အထက၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၉၃၃၂၊ ဦးအောင်ဆွေမြင့် ဖုန်း-၀၉-၄၉၂၆၇၁၀၀၊ ဦးအောင်မျိုးမင်း ဖုန်း-၀၉-၇၃၁၆၁၉၀၉၊ ဦးစန်းဦး (စိတ်ကူးချိုချိုစာပေ)၊ ဦးလှိုင်ဝင်း ဖုန်း-၀၉-၄၅၀၄၈၆နှင့် ဒေါ်နိုင်နိုင်အေး ဖုန်း-၀၉-၇၃၀၁၃၇၉၇ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသားယဉ်ကျေးမှုလက္ခဏာ ဖော်ဆောင်ပြမည့် မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

သန်းသန်းန

ရှည်လျားသည့်သမိုင်းကြောင်းနှင့်အတူ တည်ရှိပြီးဖြစ်သည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အနာဂတ်ကာလ သားစဉ်မြေးဆက်များထိတိုင် လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ရေးအတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ (၁၇)ကြိမ်တိုင် ရှိခဲ့ပြီးဖြစ်သည်။ ယခုအခါ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မကြာမီ ကျင်းပတော့မည် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မူများ ဖြစ်သကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ သီးသန့်ပိုင်ဆိုင်သော အမျိုးသားရေး သင်္ကေတ၊ အမျိုးသားရေးလက္ခဏာဟုလည်း ခေါ်ဆိုနိုင်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုလက္ခဏာများကို ပေထက်အက္ခရာတင်နိုင်ခဲ့ရာ ပျူခေတ် မြို့ပြနိုင်ငံများသည် စည်ပင်သာယာဝပြော ထွန်းကားတိုးတက်မှုရှိခဲ့ပြီး ပျူ မြို့ပြနိုင်ငံများမှ လက်ဆင့်ကမ်းသယ်ယူလာသော အနုသုခုမပညာရပ်များကို ပုဂံခေတ်တွင် နံရံဆေးပန်းချီများအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ကျောက်စာများအရ ယနေ့အသုံးပြုနေသည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသော အခြေခံတူရိယာငါးမျိုးသည် ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီး ဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။ ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုကြည့်လျှင် ခံ့ညားထည်ဝါလှပ သိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နှင့် အမျိုးသားရေးစိတ်ဓာတ် ကြီးမားမှုစသည့် ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရှိရပေသည်။ ကမ္ဘာ့ယဉ်ကျေးမှုများ၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့မူ၊ မြန်မာ့ဟန် မြန်မာဆန်သော အမျိုးသားယဉ်ကျေးမှုလက္ခဏာတို့ကို ဖော်ဆောင်လျက်ရှိပေသည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာသည် နူးညံ့၍ သိမ်မွေ့နက်နဲသည်။ လူတို့၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေသည်။ အဆို၊ အကဟူသည် မိမိစိတ်တွင်း၌ ဖြစ်ပေါ်လာသော စိတ်၏အခြေအနေကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဖော်ပြခြင်းတစ်မျိုး ဖြစ်သည်။ ကမ္ဘာပေါ်၌ လူဟူ၍ ပေါ်စကတည်းကပင် အဆိုနှင့် အကသည် ဒွန်တွဲဖြစ်တည်လာသည်ဟုဆိုရမည်။

မိခင်တိုင်းသည် မိမိ၏ရင်သွေးငယ်များအား ချော့မြူရာ၌ "အိုအိုအေအေ"ဟူ၍ နှစ်သိမ့်မှုပေးပြီး သီဆိုချော့မြူတတ်ကြသည်။ လူရိုင်းများပင် ပျော်ရွှင်ပွဲများကျင်းပကာ ဝိုင်းဝန်း၍ ကခုန်မြူးထူးကြလေ့ရှိသည်။ "မြန်မာအက ငှက်ပျောပွဲနှင့် ပြောထဲက"ဟု ဆိုသော်လည်း နတ်ပွဲများ၊ ပြောများ မပေါ်မီကပင် အကရှိခဲ့သည်ဟု ဆိုနိုင်သည်။

လူ့ဘောင်လောက၌သာမက တိရစ္ဆာန်လောက၌ပင်လျှင် စိတ်ကြည်ရွှင်မှုတို့ကို အဆိုနှင့်အကဖြင့် ဖော်ပြကြပုံကို တွေ့နိုင်သည်။ ငှက်ဖိုတို့သည် ငှက်မ၏မေတ္တာကို ရယူရန် ဆို၍ ပြကြ၊ က၍ပြကြသည်။ ဥဒေါင်း"က"သည်၊ ကြက်ဆင်"က" သည်ဟူသော အသုံးတို့မှာ တင်စား၍ ပြောဆိုသော စကားမဟုတ်ဘဲ အမှန်တကယ်"က"ခြင်းများပင် ဖြစ်သည်။

ယဉ်ကျေးမှုတိုးတက်လာသည့်အလျောက် အဆိုနှင့်အက တူရိယာပစ္စည်းတို့သည် တိုးတက်ဖြစ်ထွန်းလာရသည်။ လူမျိုးတစ်မျိုး၏ အဆို၊ အကတူရိယာတို့သည် ပတ်ဝန်းကျင်ရှိ အခြားသော လူမျိုးများသို့ ကူးစက်ပျံ့နှံ့သွားလေ့ရှိသည်။ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုအရှိန်သည် လူမျိုးပေါ်သို့ သက်ရောက်မှုရှိစေသည်။ ထို့ကြောင့်လည်း သရုပ်ပျက်သော ယဉ်ကျေးမှုများ လွှမ်းမိုးခြင်းကင်းရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်သည်။

ရှေးခေတ်ကိုပြန်၍ကြည့်လျှင် အလှူအတန်းများ၌ ပြောတီးသောအခါ အလှူရှင်နှင့်တကွ အလှူထမြောက်ခြင်းကို ဝမ်းသာသူတို့သည် စိတ်၏ခံစားမှုအရ ထ၍ ကပြကြသည်။ ဤမှစ၍"ပြောအက" ဖြစ်လာရသည်။ နတ်ပူဇော်ပသရာမှ "နတ်အက"၊ အိုးစည်ပေါ်လာသည့်အခါ "အိုးစည်အက"၊ ဒိုးပတ်ပေါ်လာသည့်အခါ "ဒိုးပတ်အက"ဟူ၍ ရှိလာခဲ့သည်။ ဗုံရှည်ကြီးများ ပေါ်လာသည့်အခါ "ဗုံရှည်အက"ဟု ပေါ်လာပြန်သည်။ ဗုံရှည်အကတွင် မင်းသား၊ မင်းသမီး ဗုံကြီးသံများဖြင့် ကပြလေ့ရှိသည်။

ဤသို့ နှစ်ပါးသွားဗုံကြီးသံများဖြင့် ကပြခြင်းမှတစ်ဆင့် ဗုံကြီးဇာတ်ထုပ်များ တီထွင်ကာ ကကြသည်။ ရုပ်သေးပေါ်လာပြီးနောက် ဇာတ်ကွက်ဇာတ်လမ်းအစုံဖြင့် ကပြသော မြန်မာ့မြေဝိုင်းဇာတ်များ ပေါ်ထွန်းလာခဲ့သည်။ မြေဝိုင်းများခေတ်၌ မင်းသားသည် ကသည်ဟူ၍မရှိ၊ လက်ပိုက်ဟန်၊ ခြေလှမ်းဟန်၊ လက်ညှိုးညွှန်ဟန်တို့မျှသာ ပါရှိ၏။ ထိုမင်းသား၏ ဟန်များသည် အဓိပ္ပာယ်တစ်ခုခုပါရှိသောဟန်များဖြစ်သည်။ ထိုဟန်တို့သည် အနုပညာပါ ဟန်များဖြစ်သည်။

မြန်မာ့ဇာတ်သဘင်သည် ကုန်းဘောင်ခေတ်၌ထင်ရှားသည်။ အလောင်းဘုရား၏ သားတော် ဆင်ဖြူရှင်လက်ထက်တွင် ပညာသည်များ ယိုးဒယားနန်းတွင်းဇာတ်ကို ယူဆောင်လာပြီး မြန်မာတို့၏နန်းတွင်းမှာ ကပြစေခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာ အဆင့်ကို မြန်မာ့ဇာတ်သဘင်ပွဲများကို ကြည့်ခြင်းဖြင့် သိသာထင်ရှားသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် သူ့မူ၊ သူ့ဟန်၊ သူ့အထာ၊ သူ့ကမ္ဘာနှင့် သီးသန့်ဖြစ်ထွန်းလာပေသည်။ အထူးသဖြင့် သဘင်ပညာနယ်ပယ်တွင် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး ပညာခန်းအသီးသီးသည် နက်ရှိုင်းလှသည်။ မြန်မာစာပေတွင် ကဗျာလင်္ကာများကို အမွှမ်းအဖွဲ့များဖြင့် သီကုံးစီခြယ်ကြသည်။ တစ်မူထူးခြားသည့် ဂုဏ်ရည်ပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် ကိုယ်ပိုင်ဂီတရှိသည်။ ဂီတပညာတွင် အဆို၊ အက၊ အရေး၊ အတီးဟူ၍ လေးမျိုး လေးရပ် ပါရှိသည်။ လူမျိုးတစ်မျိုး၏ ဂီတကို လေ့လာကြည့်လျှင် ထိုလူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ခန့်မှန်းနိုင်သည်။

မြန်မာ့ဂီတသည် ခြေခြေမြစ်မြစ်ဖြင့် စနစ်တကျ တိုးတက်လာသော ပညာရပ်ဖြစ်သည်။ မြန်မာတို့၏ ပင်ကိုအတီးတူရိယာသည် ဆိုင်းဖြစ်သည်။ ဆိုင်းတူရိယာသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ ကိုယ်ပိုင်တူရိယာဖြစ်သည်။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတို့သည် မြန်မာ့ဆိုင်းဝိုင်းကြီး၏ အခက်အလက်များဟု ဆိုနိုင်သည်။

မြန်မာတို့၏ တူရိယာပစ္စည်းများအနက် မြန်မာ့ဆိုင်းဝိုင်းကို တိုင်းတစ်ပါးတို့ အထူးစိတ်ဝင်စားပြီး လေ့လာလေ့ရှိကြသည်။ ဆိုင်းဝိုင်းတစ်ဖွဲ့တွင် တီးမှုတ်သူခုနစ်ဦးမှ ၁၀ ဦးကျော်အထိ ပါဝင်သည်။ ဆိုင်းဆရာကြီး၊ ကြေးတီး၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက်ပတ်မတီး၊ နှဲငယ်၊ နှဲလတ်၊ မောင်းနှင့် ဝါးတီးများ တိုးချဲ့ဖွဲ့စည်းထားသည်။ မြန်မာတို့၏ တူရိယာပစ္စည်းသည် ရှေးမူများပြီး နည်းစနစ်ကျသည်။ ထို့ကြောင့်လည်း ယနေ့တိုင် တည်တံ့နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးအခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ် ဂုဏ်သိက္ခာ မြင့်မြင့်မားမား တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးအတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ယနေ့မျိုးဆက်သစ်များက လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ။ ၁၅-၁၀-၂၀၁၁(စနေနေ့)

စဉ်	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁	မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက	အခြေခံပညာအသက် (၅နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
		ဇာတ်တော်ကြီး	မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း(မန္တလေးတိုင်းဒေသကြီး)	ညပိုင်း ၁၉:၀၀
	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
	သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး (ဆိုင်းတစ်ဦးချင်း) အတီး (ဆိုင်းတစ်ဦးချင်း)	အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
	စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ဂီတာ) အတီး(ဂီတာ) အတီး(ဂီတာ) အတီး(ဂီတာ)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး)	မွန်းတည့် ၁၂:၀၀ မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း မွန်းလွဲပိုင်း
	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(အိုးစည်) အတီး(အိုးစည်)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၁)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ(အမျိုးသား) အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၂)	အရေး(သီချင်းစာသား ရေး/တေးသွားထည့်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား/အမျိုးသမီး)၊ ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား/အမျိုးသမီး)၊ အဆင့်မြင့်ပညာ(အမျိုးသား/အမျိုးသမီး)	နံနက်ပိုင်း ၀၉:၀၀
	သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား/အမျိုးသမီး)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
	စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)	ကွက်စိပ်	ဝါသနာရှင်(ပထမတန်း)	မွန်းတည့် ၁၂:၀၀
	စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး)	မွန်းတည့် ၁၂:၀၀ မွန်းလွဲပိုင်း
		ပြဇာတ်	လူငယ်စွမ်းအားပြဇာတ် (ရန်ကုန်တိုင်းဒေသကြီး)	ညပိုင်း ၁၉:၀၀

ဆို က ရေး တီး ပွဲကြီးဆင်ယင်

✻ မြန်မာ့မူဟန် ဇာတိမာန်
ရှင်သန်ပီဇ ထုတ်ဖော်ပြ၊
ဆိုကရေးတီး နိဿရည်း
ပွဲကြီးဆင်ယင်ကြ။

✻ ပျော်ပျော်ရွှင်ရွှင် ပြိုင်ပွဲဝင်
ကြည်လင်ပီသ သီဆိုကြ၊
ဂီတသံစဉ် တေးနယ်ဉ်
နားဝင်ချိုသာလှ။

✻ ကကြိုးစုံလင် ပြိုင်ပွဲဝင်
အစဉ်အဆက် စံမပျက်၊
ခြေလက်ခါးခေါင်း လွန်ပျော့ပျောင်း
နွဲ့နှောင်းညင်သာညက်။

✻ ဒိုရေမီဖာ သံစဉ်ရှာ
ကာရန်ညီရွေး စီကာရေး၊
တေးသွားတေးသား အတွေးပွား
စည်းဝါးမှန်တယ်လေး။

✻ ကြေးကြိုးသားရေ လက်ခုပ်လေ
ငါးထွေပဉ္စ တီးမှုတ်ရ၊
ပီသချိုကြည် သံစုံညီ
နရီစည်းဝါးကျ။

✻ မြန်မာ့ရိုးရာ မြတ်နိုးစွာ
ထံတျာဂီတ သုခုမ၊
ဆိုကရေးတီး နိဿရည်း
ပွဲကြီးဆင်ယင်ကြ။ ။

ရေနံ့သာမောင်ကျော်ညွှန့်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Kim Hae-Young သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား သီရိလင်္ကာနိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အနောက်ပိုင်းပြည်နယ် လယ်ယာစိုက်ပျိုးရေး၊ လယ်မြေဖွံ့ဖြိုးရေး၊ အသေးစားဆည်မြောင်း၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး Mr. Udaya Gammanplila နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကြွပ်ကြွပ်အိတ်သုံးစွဲမှု တားဆီးရေး၊ သစ်တောများ ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန် အမျိုးသားဥယျာဉ်များ တည်ထောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံအကြား အတွေ့အကြုံသတင်းအချက်အလက်များ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့လည်း တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း | **နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း**

ကန်ဂျီဟွန်နှင့် ဆောင်ယူရီ ရုပ်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်

ကိုရီးယားမင်းသား ကန်ဂျီဟွန်နှင့် အဆိုတော်၊ သရုပ်ဆောင်မင်းသမီး ဆောင်ယူရီတို့နှစ်ဦး**(အောက်ပုံ)**သည် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် အဓိက ဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ CJ က ထုတ်ပြန်ကြေညာသည်။

CJ ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားရာ၌ ဒါရိုက်တာ ရှင်တေရန် ရိုက်ကူးမည့် Detective Cha ရုပ်ရှင်ကားတွင် မင်းသားကန်ဂျီဟွန်က စုံထောက်ချာချူလ်ဆူးအဖြစ် သရုပ်ဆောင်မည်ဖြစ်သကဲ့သို့ မင်းသမီးဆောင်ယူရီက ဖက်ရှင်ဒီဇိုင်နာယောင်ဂျေးအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားတွင် စုံထောက်ချာချူလ်ဆူးက ပြစ်မှုတစ်ခုကို စုံစမ်းဖော်ထုတ်ရန် မော်ဒယ်လ်ဘွိုင်းတစ်ယောက်အဖြစ် ဟန်ဆောင်ထားပြီး ဟာသနှင့် အက်ရှင်အချိုးညီညီ ပေါင်းစပ်ဖန်တီးထားသည့် ဇာတ်ကားဖြစ်သည်ဟု ဆိုသည်။

ကန်ဂျီဟွန်က "ဒါရိုက်တာရှင်နဲ့ သူနောက်ဆုံးရိုက်ကူးခဲ့တဲ့ My Girlfriend is an Agent ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရတာ ကျွန်တော့်အတွက် တကယ့်ကို စိတ်လှုပ်ရှားစရာပါပဲ။ မင်းသမီးဆောင်ယူရီနဲ့လည်း ကေဘီအက်စ်ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့တဲ့ Hong-Gil-dong ဇာတ်လမ်းတွဲမှာ တွဲဖက် သရုပ်ဆောင်ခဲ့ဖူးတဲ့အတွက် ဒီဇာတ်ကားမှာ ပြန်လည်ပူးတွဲသရုပ်ဆောင်ရတာ ဝမ်းသာပါတယ်" ဟု ပြောကြားသည်။

ဆောင်ယူရီက "ရုပ်ရှင်ဇာတ်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ရတဲ့အတွက် ဝမ်းသာမိသလို မင်းသား ကန်ဂျီဟွန်နဲ့ ထပ်မံ တွဲဖက်သရုပ်ဆောင်ရတာကိုလည်း ဝမ်းသာပါတယ်" ဟု ဆိုသည်။

ကန်ဂျီဟွန်သည် သရုပ်ဆောင်လောကသို့ ၂၀၀၁ ခုနှစ်က စတင်ရောက်ရှိလာသူဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် Be Strong, Geum-Soon ရုပ်သံဇာတ်လမ်းတွဲနှင့် မကြာသေးမီက အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သော Lie to Me ဇာတ်လမ်းတွဲတွင်လည်း မင်းသမီးယွန်အန်ဟေးနှင့်အတူတွဲဖက်သရုပ်ဆောင်ခဲ့သည်။

မင်းသမီးဆောင်ယူရီသည် ၁၉၉၈ ခုနှစ်ကတည်းက Fin.K.L အမျိုးသမီးတေးဂီတအဖွဲ့နှင့်အတူ ဂီတလောကသို့ ရောက်ရှိလာသူဖြစ်ပြီး Thousand Years of Love၊ Swallow the Sun၊ Rabbit and Lizard ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၎င်း၏ နောက်ဆုံးပါဝင် ရိုက်ကူးခဲ့သည့် ဇာတ်လမ်းတွဲမှာ Romance Town ဇာတ်လမ်းတွဲ ဖြစ်သည်။

အင်တာနက်။

အေဝမ်းစိုး

➢➢ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု ≺≺

ဧရာဝတီတံတား (ပခုက္ကူ)၏ သံပေါင်များ တပ်ဆင်ပြီးစီးနေမှုကို ဤသို့တွေ့ခဲ့ရသည်။

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီး ဧရာဝတီတံတား(ပခုက္ကူ) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး နိုဝင်ဘာလကုန်၌ ရာနှုန်းပြည့်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ဓာတ်ပုံမှတ်တမ်းနှင့် သတင်းမှတ်စု - ခရမ်းစိုးမြင့်

ဧရာဝတီမြစ်ကြီးပေါ်၌ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တို့ကို ဖြတ်သန်း တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီး ဧရာဝတီတံတား(ပခုက္ကူ)အား ပင်မတံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိရာ တံတားအောက်ခြေ ဘိုးပိုင်လုပ်ငန်းများပြီးစီး၍ သံမဏိသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ပခုက္ကူဘက်ကမ်း၌ အင်ဂျင်နီယာချုပ် ဦးရွှေလေးက ကြီးကြပ်၍လည်းကောင်း၊ ပုဂံညောင်ဦးလက်ပန်ခြေပေါ်ဘက်ကမ်း၌ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက ကြီးကြပ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ သံမဏိသံခုံး ၃၀ တပ်ဆင်ရမည့်အနက်မှ သံခုံးပေါင်း ၂၃ ခုံးခွဲ တပ်ဆင်ပြီးပြီဖြစ်၍ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှာ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများပေါ်၌ တံတားကြီး လေးစင်းသာရှိခဲ့ရာမှ ယခုအခါ တစ်နိုင်ငံလုံး ပေ ၁၈၀ အထက် တံတားကြီး ၂၆၈ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၂၄၈ စင်း စုစုပေါင်း တံတား ၆၅၁၆ စင်းအထိ ရှိနေပြီဖြစ်၍ ပြည်ထောင်စုလမ်းမကြီးများနှင့် မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်အားလုံးရှိ လမ်းကွန်ရက်များကို တံတားများက အထောက်အကူဖြစ်လျက်ရှိနေပြီဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ မိုင်အားဖြင့် (၂ ဒသမ ၁၆ မိုင်)၊ ကားလမ်းတံတားအရှည်စုစုပေါင်း ၁၃၅၃၇ ပေ၊ မိုင်အားဖြင့် (၂ ဒသမ ၅၆ မိုင်)၊ မီးရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေ၊ မိုင်အားဖြင့် (၃ ဒသမ ၉၀ မိုင်)ရှိပြီး နှစ်လမ်းသွားကားလမ်းအကျယ်မှာ ၂၈ ပေနှင့် မီးရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေရှိပြီး မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၇၅ တန်ဖြစ်သည်ဟု သိရသည်။

ဧရာဝတီတံတား(ပခုက္ကူ) သံပေါင်များ တပ်ဆင်နေမှု အခြေအနေနှင့် ပတ်သက်၍ မကြာသေးမီက တံတားစီမံကိန်းရှိ အင်ဂျင်နီယာချုပ် ဦးရွှေလေးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သည်။ ဦးရွှေလေးက တံတားကြီးသံပေါင်များ တပ်ဆင်နေမှုတွင် မည်သည့်အခက်အခဲမျှ မရှိကြောင်း၊ ပခုက္ကူဘက်ကမ်း ရေကျွန်းနှင့် လက်ပန်ခြေပေါ် သုံးနေရာစလုံးတွင် သံခုံးပေါင်း ၃၀ ရှိသည့်အနက် ၂၃ ခုံးခွဲ တပ်ဆင်ပြီးဖြစ်၍ ရာခိုင်နှုန်း အားဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း၊ နိုဝင်ဘာလကုန်ခန့်တွင် သံပေါင်တပ်ဆင်မှု ရာနှုန်းပြည့်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ဧရာဝတီမြစ်ကြီးပေါ်တွင် ဧရာဝတီတံတား (ပခုက္ကူ)နှင့် အတူ ဧရာဝတီတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(မလွန်)၊ ဧရာဝတီတံတား(ရတနာသိင်္ဃ) တို့ကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။ ။

ဧရာဝတီတံတား (ပခုက္ကူ)၏ မီးရထားလမ်း တံတားတည်ဆောက်ပြီးစီးနေမှုကို ဤသို့တွေ့ခဲ့ရသည်။

ညောင်လေးပင်မြို့ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ ကျောင်းပေါင်းစုံမှ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် (ကြာသပတေးနေ့)တွင် အာဇာနည်လမ်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများသည် ဦးအေးဝင်း(ရန်ကုန်)ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးစောမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၁၀၇၉၃၀၊ ကိုထွန်းနိုင်စိုး(ရန်ကုန်) ဖုန်း-၀၉-၅၁၈၂၅၉၂၊ ဦးစိုးဝင်း-ဒေါ်နုနု ဖုန်း-၀၉-၅၃၈၅၂၈၂၊ ဦးအောင်မော်-ဒေါ်သန်းသန်း ဖုန်း-၀၅၂-၅၀၄၉၆၊ ဦးအောင်လင်း-ဒေါ်ခင်မိုးနှင်း ဖုန်း-၀၉-၅၀၈၄၃၂၇၊ ဦးမျိုးကျော်ဇော-ဒေါ်ကေသွယ်စိုး ဖုန်း-၀၉-၅၁၁၀၇၇၀ နှင့် ဦးရန်နိုင်မိုး-ဒေါ်မို့မို့ဝင်း ဖုန်း-၀၉-၅၁၉၆၉၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❖ ကျောဖုံးမှ

ယင်းနောက် ပူးတွဲရိုက်ကူးထုတ်လုပ်ပြသမည့် မြန်မာနိုင်ငံပျူခေတ်နှင့် တရုတ်နိုင်ငံ ထန်မင်းဆက်ခေတ် မြန်မာ-တရုတ်ဆက်ဆံရေး ရုပ်/သံ ဇာတ်လမ်းတွဲအတွက် ဝတ္ထုဇာတ်ညွှန်း ရေးသားခြင်း၊ ရိုက်ကွင်းနေရာများ ကြည့်ရှုလေ့လာခြင်း၊ သရုပ်ဆောင်များ ရွေးချယ်ခြင်းတို့အပေါ် နှစ်ဖက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန်နှင့် ညှိနှိုင်းရန်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ မစ္စတာဇောင်ရှုချင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ တွေ့ဆုံစဉ်။

(သတင်းစဉ်)

❒ လုပ်ငန်းတာဝန်များမှ

ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ကျွမ်းကျင်ပိုင်နိုင်မှု၊ ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်မှု၊ စိတ်စေတနာမှန်ကန် ကောင်းမွန်မှုတို့ဖြင့် ပြည့်စုံကြရန် အရေးကြီးကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုကို အခြေခံပြီး ဖြောင့်မတ်မှန်ကန်တာဝန်သိစွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဌာနအားလုံးသည် ဌာနဆိုင်ရာလုပ်ငန်းများ၏ လျာထားရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရန် ဆောင်ရွက်ရင်း ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းကြရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်နှင့် ပင်စင်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တိုးမြှင့်ပင်စင်လစာတွက်ချက်ခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ အလေးထားဆောင်ရွက်ရေးမှာကြားပြီး ဘားအံမြို့ရှိ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်နယ်မန်နေဂျာရုံး၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေး-ကံပြား-မြို့သစ်-နေပြည်တော်လမ်းနှင့် မကွေး-နတ်မောက်-ရွာမွန်-ပျော်ဘွယ်လမ်းများ စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီတွင် မကွေး-ကံပြား-မြို့သစ်-နေပြည်တော် လမ်းပေါ်ရှိ မြို့သစ်ဘုတ်ချောင်းရိုး တံတား မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော တံတားအပေါင်းနေရာ၌ နှစ်လွှာတစ်ထပ် သံပေါင်ဘေလီတပ်ဆင်ပြီးစီးမှုနှင့် မြို့သစ်မြို့အဝင်ရှိ ယင်းချောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အောင်စွေရိုးတံတား၌ မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မကွေး-ကံပြား-မြို့သစ်-နေပြည်တော်လမ်းပေါ်ရှိ စွန်ချောင်းတံတား၏ နေပြည်တော်ဘက်ကမ်း၌ ကတ္တရာလမ်း လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းနှင့် ပုလင်းတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုနှစ်မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကွေး-ကံပြား-မြို့သစ် - နေပြည်တော်လမ်းပေါ်ရှိ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများနှင့် ရေကျော်များကို ပြန်လည်ပြင်ဆင်ခဲ့ရာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေး-နတ်မောက်-ရွာမွန်-ပျော်ဘွယ်လမ်း မိုင်တိုင်အမှတ် (၄၇)ရှိ ကျားထူးချောင်းတံတား လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ကျားထူးချောင်းတံတားသည် အရှည်ပေ ၄၈၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ယခုဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ရန်အတွက် တံတားတည်ဆောက်ရေးလုပ်ငန်းများကို နေ့/ည မပျက် ဆောင်ရွက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၁၄

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနများအောက်ရှိ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စကားပြော တိုးတက်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေတို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နေပြည်တော် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများက အင်္ဂလိပ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးကြူက အမှာစကားပြောကြားသည်။ ထို့နောက် အင်္ဂလိပ်စကားပြော တိုးတက်ကျွမ်းကျင်မှုဆုများကို ပေးအပ်ချီးမြှင့်ရာ ဒုတိယဝန်ကြီး ဦးဘရွှေက ပညာရေးကောလိပ်များမှ ပထမ၊ ဒုတိယ၊ တတိယဆုရ ဆရာ၊ ဆရာမများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကြူက နေပြည်တော် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ပထမ၊ ဒုတိယ၊ တတိယဆုရ ဆရာ၊ ဆရာမများအား လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အထူးဆုရ ဆရာ၊ ဆရာမများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)က ကြီးမှူး၍ စာရေးဆရာ မောင်ဝံသမှ "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍ" (The Role of the fourth estate in the National Development) ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အမှတ် (၁၈၀) ၆ လွှာ(အေ) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ်၌ ဟောပြောကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အသင်းရုံးဖုန်း-၂၉၁၆၆၇၊ ပြန်ကြားရေးမှူး ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဦးဉာဏ်လှိုင် စာကြည့်တိုက်ဆောက်လုပ်ရန် လှူဒါန်း

ဒီပဲယင်း အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျေးရွာ၌ ဦးဉာဏ်လှိုင် စာကြည့်တိုက်ဆောက်လုပ်ရန် မြေနှင့် အဆောက်အအုံ လှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက် နံနက်က စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ အလှူရှင် ပဲခူးမြို့နေ ဦးဗိုလ်ဝင်း၊ ဇနီး ဒေါ်ချိုချိုမာ၊ သား မောင်ကောင်းစံဝင်း၊ မောင်အောင်ခန့်မော်၊ သမီး မကောင်းဆုဝင်း Kaung Sun Win Trading Co.,Ltd. မိသားစုက မြေကွက်တန်ဖိုးကျပ် သိန်း ၂၀ နှင့် အဆောက်အအုံ ဆောက်လုပ်ရန် ကုန်ကျငွေ သိန်း ၃၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**(မြို့နယ်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အဘိဓမ္မာပဌာန်း" တရားတော် ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၉)**
၈း၅၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "၁၃----၃၁"
၉း၂၀	Introduction to JJ-Pun
၉း၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	ပြီးပြည့်စုံသော ကျန်းမာခြင်းများနှင့် ---
၁၀း၂၅	သွားမယ်စားမယ် (ASAGIRI Sausage & Restaurant)
၁၀း၅၅	ကျော့ရှင်းကေသာစုဝေးရာ AQUOS မှာ ---
၁၁း၁၅	ပန်းချီပြခန်း (A Corner of Nature)
၁၁း၃၀	ဖျာပုံမြို့မှ တနင်္ဂနွေ ဗုဒ္ဓဓမ္မ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်း
၁၂း၀၀	ဟိုတယ်လမ်းညွှန်
၁၂း၃၀	သံဝေဇနီယလေးဌာနနှင့် ဖူးစို့စွယ်တော် "မဟာတိုး"နဲ့ သွားမယ်နော်
၁း၀၀	"အဘိဓမ္မာပဌာန်း" တရားတော် ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၂း၅၅	လွယ်ကူသက်သာစားစရာ "သကြား Puff ပြုလုပ်နည်း"
၃း၁၀	ကြည်နူးမြတ်နိုးဖွယ် အလှအပများ စုဝေးရာ ပဒုမ္မာ
၃း၃၀	Kid's Show
၄း၀၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျဉ်းပြိုင်" (အပိုင်း-၉၉)**
၅း၁၅	အောင်မြင်မှုတို့ဖော်ညွှန်းရာ ချင်းတွင်း College မှာ ---
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Activities In The City
၆း၃၀	Movie Talk (ရုပ်ရှင်သို့ဝင်လာသော ကာယဗလမယ်များ) (ဒါရိုက်တာကြည်စိုးထွန်း) (အပိုင်း-၆)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၈)**
၇း၃၀	Fashion Week (ဒီဇိုင်နာဥမ္မာကျော်) (အပိုင်း-၄)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League Wigan Vs Bolton
၁၀း၂၅	ပရီမီယာလိဂ်ရင်ခုန်သံ
၁၀း၅၅	Barclays Premier League Chelsea Vs Everton
၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၀)**
၁း၅၀	World of Knowledge
၂း၄၀	ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်) [ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီဝိုက်)]
၂း၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း (တေးသံရှင် R ဇာနည် နှင့် တွေ့ဆုံခြင်း)
၃း၁၅	Regional Handicrafts
၄း၀၀	အမှောင်ထဲမှ စွမ်းအားရှင်များ
၄း၁၀	ဆန်းသစ်အလှတိုးရွှေချည်ထိုး
၄း၃၀	မြန်မာ့တူရိယာစည်တော်ကြီး
၄း၄၅	ဆုပန်ရည်စူးအရောက်ဖူး--- မြတ်ဘုရားဖောင်တော်ဦး
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Liverpool - Man U	(ESPN) (Live)
၈း၂၅	Man City - Aston Villa	(ESPN) (Live)
၈း၂၅	Wigan - Bolton	(Star Sports) (MRTV4) (Live)
၁၀း၅၅	Chelsea - Everton	(ESPN) (MRTV-4) (Live)

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား တံခွန်စိုက် ကာယဗလမောင်/အလှမယ်ရွေးမည်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၁ ခုနှစ် (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ပြီး အောင်ပွဲခံနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံတံခွန်စိုက်နှင့် တိုင်းဒေသကြီး ပဏာမ ကာယဗလမောင်နှင့် ကာယအလှမယ်ရွေးပွဲကို အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များကို ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန် အတန်းခွဲခြင်းကို အောက်တိုဘာ ၂၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အောင်ဆန်းအားကစားကွင်း အထူးတန်း၌ ပြုလုပ်မည်ဖြစ်သည်။

ကာယဗလမောင်များကို ကီလို ၅၅-၆၀-၆၅-၇၀-၇၅-၈၀ နှင့် ၈၅ ကီလိုတန်းဟူ၍ ခွဲခြားထားပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက် အငယ်တန်းနှင့် ၅ ပေ ၃ လက်မနှင့်အထက် အကြီးတန်းဟူ၍ ခွဲခြားထားသည်။ ပြိုင်ပွဲဝင်စာရင်းများကို အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးရမည်။ မြို့နယ်အလိုက် တံခွန်စိုက်ဆုချီးမြှင့်မည်ဖြစ်ပြီး အကန့်အသတ်မရှိ ပြိုင်ပွဲဝင်ဦးရေ စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်ကို အတွင်းရေးမှူး ဦးထွန်းလင်း ဖုန်း-၀၉-၅၀၇၀၈၀၀နှင့် ဦးကျော်ညီညီလွင် ဖုန်း-၀၉-၈၆၃၆၄၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (ကြေးမုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာန (ရွှေဂုံတိုင်) သို့ အောက်တိုဘာ ၃ ရက်က ဦးစိန်ဝင်း-ဒေါ်တင်မာမာလှသန်း (ခ) မစူး၏ သား မောင်ထူးထက်ဈာန် သုံးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဖြည့်စွက်အစာလှူဒါန်းပြီးနောက် ငွေပဒေသာပင်ကျပ် တစ်သိန်းကို ဦးစီးအရာရှိ ဒေါ်ခင်မာအေးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)



အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများဆိုင်ရာ အစည်းအဝေးကျင်းပ
ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၄

သမဝါယမဝန်ကြီးဌာန ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သမဝါယမဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အစိုးရဝန်ထမ်းများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိစ္စများကို အထောက်အကူဖြစ်စေရန် ၁၉၉၃ ခုနှစ်မှစ၍ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (GEC) များတွင် ဝန်ထမ်းပေါင်းစုံ (GEC) နှင့် ပညာရေးဝန်ထမ်းများ (GEC) ဟူ၍ နှစ်မျိုးရှိပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်အထိ ဂျီအီးစီအသင်းစုချုပ် နှစ်သင်း၊ ဂျီအီးစီ သမဝါယမအသင်းစု ၃၇ သင်း၊ ဂျီအီးစီ သမဝါယမအခြေခံအသင်း ၄၃၆ သင်း စုစုပေါင်း ၄၇၅ သင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ဂျီအီးစီအသင်းအများစုမှာ လုပ်ငန်းများရပ်ဆိုင်းလျက်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများဖွဲ့စည်းပြီးဖြစ်ပါက လုပ်ငန်းဆက်လက် လည်ပတ်နိုင်ရေးနှင့် သမဝါယမအသင်းအဖြစ် မဖွဲ့စည်းရသေးပါက ဖွဲ့စည်းနိုင်ရေးကိစ္စများကို ကူညီပေးလို၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ GEC ပညာရေး၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းက ပညာရေး ဂျီအီးစီအသင်းစုချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ GEC ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းမောင်က အသင်းစုချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး သမဝါယမပို့ကုန် သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမိုးက ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများအား လုပ်ငန်းများဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာန ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများဆိုင်ရာ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ပဲခူးမြို့ သုဓမ္မာနိကာယ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ သံဃာ့ပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီးသည် အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်ရှိ ရှင်သီဝလိသိမ်တော်ကြီး၌ ကျင်းပသော ပဲခူးမြို့ သုဓမ္မာနိကာယ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ သံဃာ့ပဝါရဏာပွဲနှင့် သံဃာ ၂၆၃၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ကြည်ညို၍ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ သံဃာတော်အပါး ၅၄၈၁ ပါးက သံဃာ့ ပဝါရဏာပွဲကို သုံးနေရာခွဲ၍ ကျင်းပရာ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပသော ရွှေကျင်ဂိုဏ်းသံဃာတော်များ၏ ပဝါရဏာပွဲတွင် သံဃာ ၂၁၈၃ ပါးအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော တာဝန်ရှိသူများကလည်းကောင်း၊ ကလျာဏီသိမ်တော်၌ ကျင်းပသော ပဝါရဏာပွဲတွင် သံဃာ ၆၆၁ ပါးအား ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများကလည်းကောင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက်ပိုင်းကလည်း ပဲခူးမြို့ ဥသျှာမြို့သစ်ရှိ သီရိဥသျှာခန်းမ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တွေ့ဆုံ၍ ပြိုင်ပွဲတွင် အောင်နိုင်ရမည်ဟူသော ယုံကြည်ချက်အပြည့်ဖြင့် ယှဉ်ပြိုင် ပြိုင်ပွဲဝင်သွားကြရန်၊ ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုသေလေးစား အထောက်အကူပြုပေးကြရန်၊ အုပ်ချုပ်သူများအနေဖြင့် ပြိုင်ပွဲဝင်တို့၏ နေထိုင်စားသောက်မှု၊ သွားလာရေး၊ ကျန်းမာရေးတို့ကို ပြည့်စုံအောင် စီမံဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် အားပေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးသည် ဗုဒ္ဓဝင်တောထွက်ခန်း၊ မင်းကုသဇာတ်တော်ကြီး ကွက်စိပ်လေ့ကျင့်နေမှုနှင့် ဆိုင်းတစ်ဦးချင်း ယှဉ်ပြိုင်မည့် မင်းမင်းဇော်၏ ဆိုင်းလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်မြို့ အထက(၁) အာစရိယပူဇော်မည်

ပြည် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် အဆိုပါကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ သက်ပြည့်ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးစောမြင့် ဖုန်း-၀၉-၅၃၆၈၃၅၆၊ ဦးခင်တူး ဖုန်း-၀၅၃-၂၇၅၂၇၊ ဦးအောင်လင်းစိုး ဖုန်း-၀၅၃-၂၉၄၄၃၊ ဦးကျော်စိုးဦး ဖုန်း-၀၉-၄၃၀၀၆၄၁၊ ဦးမြတ်သူ ဖုန်း-၀၉-၅၃၁၀၁၁၇၊ ဦးကြည်စိုးဦး ဖုန်း-၀၉-၅၃၁၃၁၀၄၊ ဦးကြည်စိုး ဖုန်း-၀၉-၅၃၆၃၇၀၁၊ ကျောင်းအုပ်ကြီး ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးမြတ်သူဝင်း ဖုန်း-၀၉-၅၁၀၃၇၂၅၊ ဦးရန်နောင်ဝင်း ဖုန်း-၀၉-၅၁၃၁၉၈၅၊ ဦးမျိုးနိုင် ဖုန်း-၀၉-၅၁၂၀၇၉၂၊ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂ နှင့် ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၅၁၁၆၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ICT နည်းပညာလက်တွေ့သရုပ်ပြမည်

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းသည် အသင်းသားများ၏ ICT ပညာရပ်ဆိုင်ရာ လက်တွေ့လေ့လာမှုများကို အထောက်အကူပြုနိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်က အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၌ Internetworking and Routing on Microsoft Windows Platform ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြမည်ဖြစ်သည်။

စုံစမ်းနိုင်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ MCPA စာမေးပွဲအောင်မြင်ထားသူများနှင့် Network အခြေခံ တတ်မြောက်ထားသူများသည် အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး လက်တွေ့စမ်းသပ်သူ ၂၄ ဦး လက်ခံမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄/၂၀၁၁)သင်တန်း ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ် (၄/၂၀၁၁)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြစ်အတွင်း စည်းကမ်းမဲ့ အမှိုက်ပစ်ချသောဆိုင်များ ရောင်းချခွင့် ပိတ်ပင်မည်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်ကမ်းပါးနံဘေးတွင် ရောင်းချဖွင့်လှစ်ထားသော ဈေးဆိုင်များအနေဖြင့် မြစ်အတွင်းသို့ စည်းကမ်းမဲ့ အမှိုက်များ ပစ်ချပါက ရောင်းချခွင့် ပိတ်သိမ်းအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးညွှန်ကြားထားသည်။

ညွှန်ကြားထား

ရန်ကုန်မြို့ ဗားကရာဆိပ်ကမ်းအနီး ဖွင့်လှစ်ထားသော အုန်း၊ ငှက်ပျောဆိုင်ခန်းများ၊ မြစ်ကမ်းပါးအနီး ဖွင့်လှစ်ထားကြသော ဆိုင်ခန်းများမှ မြစ်အတွင်းသို့ စည်းကမ်းမဲ့စွာ အမှိုက်များ စွန့်ပစ်နေကြခြင်းကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ကြည့်မြင်တိုင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ကို ကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားထားသည်ဟု သိရသည်။ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်နေခြင်းကို လိုက်နာခြင်းမရှိဘဲ မြစ်အတွင်းသို့ စည်းကမ်းမဲ့စွာ အမှိုက်များ ဆက်လက်စွန့်ပစ်နေပါက ရောင်းချခွင့် ပိတ်ပင်သည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆယ်ယူရှင်းလင်း

မြစ်အတွင်း စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များနှင့် ဗေဒါများ၊ ဒိုက်များကြောင့် စက်လှေငယ်များ၏ ပန်ကာများနှင့် ငြိမိကာ တိမ်းမှောက်နစ်မြုပ်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ကြုံတွေ့ခဲ့ရသောကြောင့် မြစ်အတွင်းသို့ အမှိုက်များ စည်းကမ်းမဲ့စွာ မစွန့်ပစ်ရန်နှင့် အမှိုက်များ၊ ဗေဒါများနှင့် ဒိုက်များအား ဆယ်ယူရှင်းလင်းရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများအား ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။ ပုစွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းနှင့် ရန်ကုန်မြစ်အတွင်း၌ ဆက်စပ်မြို့နယ်များမှ စက်လှေနှစ်စင်းခန့် တာဝန်ချထား၍ မြစ်နှင့် ချောင်းအတွင်းရှိ အမှိုက်များ၊ ဗေဒါများနှင့် ဒိုက်များအား ဆယ်ယူရှင်းလင်းရန် တာဝန်ပေးအပ်ထားကြောင်း သိရှိရသည်။

(၀၀၁)

၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၂၆ ဒသမ ၁၅ ဧက ဖျက်ဆီးပြီးဖြစ်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်နိုင်ငံလုံးတွင် ဘိန်းခင်း ဧက ၅၀ ကို ဖျက်ဆီးနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၆ ရက်အထိ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်း ၆၂ ဒသမ ၁၅ ဧကနှင့် ဆီဆိုင်မြို့နယ်အတွင်း ဘိန်းခင်း ၁၄ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း စုစုပေါင်း ဘိန်းခင်း ၁၂၆ ဒသမ ၁၅ ဧက၊ ၅၁ ဒသမ ၀၅ ဟက်တာဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရှိရသည်။

(ကိုချစ်)

မြန်မာဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲမတိုင်မီ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမတိုင်မီ အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်မည်ဖြစ်ပြီး အဆိုပါ အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် စာတမ်းရှင်များ၊ အားကစားဆောင်းပါးရှင်များ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ ဘောလုံးအားကစားကို စိတ်ပါဝင်စားကြသည့် ပြည်သူလူထုများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုသိမ်ကလပ်အသင်း စခန်းသွင်းလေ့ကျင့်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၁ ခုနှစ် နေပြည်တော်၌ ကျင်းပလျက်ရှိသည့် ပထမအကြိမ် Champion Challenge Cup Tournament ပြိုင်ပွဲသို့ စတုတ္ထအသုတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပုသိမ်ကလပ် (PATHEIN CLUB) အသင်းသည် ကိုးသိန်းအားကစားရွာတွင် အင်အား ၃၀ ဖြင့် စခန်းဝင်ရောက်လျက်ရှိပြီး ပုသိမ်မြို့ ကန်သာယာပန်းဥယျာဉ် (ကန်သုံးဆင့်)၌ အောက်တိုဘာ ၉ ရက်မှ စတင်လေ့ကျင့်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယခုတစ်ပတ် လိဂ်ပွဲများထဲမှ စိတ်ကြိုက်ခုနစ်ပွဲကို ရွေးထုတ်ခံစားကြည့်ခြင်း ဆီဗီလာနှင့် ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ အောင်ပွဲခံသွားဖွယ်ရှိ

၂၀၁၂ ဥရောပခြေစစ်ပွဲများ ရှိနေတာကြောင့် လိဂ်ပွဲများတစ်ပတ်တာရပ်နားထားခဲ့ရာမှ အောက်တိုဘာ ၁၅ ရက် (ယနေ့ည)နဲ့ ၁၆ ရက်(တနင်္ဂနွေနေ့ည)တို့မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဆီဗီလာနဲ့ ဝါဒါဘရီမင်တို့ရဲ့ အိမ်ကွင်း အောင်ပွဲခံသွားမယ့်ပုံရိပ်တွေကို မြင်ယောင်ရင်း စိတ်ကြိုက်ခုနစ်ပွဲကို ရွေးထုတ်ခံစားပုံဖော်ကြည့်လိုက်ပါတယ်။

ဆီဗီလာ-စပို့တင်းဂီဂျွန်။ ။ ပွဲစဉ်(၆)အပြီးမှာ ဆီဗီလာက အဆင့်(၆)နဲ့ စပို့တင်းဂီဂျွန်က ဇယားအောက်ခြေမှာပါ။ ဆီဗီလာ ရှုံးပွဲမရှိသေးပေမယ့် စပို့တင်းဂီဂျွန်ကတော့ နိုင်ပွဲမရှိသေးပါဘူး။ ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားက အစစအရာရာ ကွာဟနေတာကြောင့် ကနူးတေးနဲ့ နီဂရီဒိုတို့ရဲ့ ဆီဗီလာတိုက်စစ် ဘယ်နှဂိုးသွင်းမယ်ဆိုတာပဲ စောင့်ကြည့်ရမှာပါ။

ဆီဗီလာတိုက်စစ်ကို ဦးဆောင်လာမည့် ကနူးတေး။

ဘာစီလိုနာ-ရေဆင်း။ ။ ဘာစီလိုနာ ပထမနေရာမှာရှိနေပြီး ရေဆင်းက အဆင့်(၁၈)မှာပါ။ ဘာစီလိုနာအနေနဲ့ ချန်ပီယံလိဂ်ပွဲ ကစားရဖို့ရှိနေပေမယ့် အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ရပ်တည်နေနိုင်ရေး ဒီပွဲကို အများမခံဘဲ အနိုင်ကစားသွားမှာပါ။

ရီးယဲလ်မက်ဒရစ်-ဘက်တစ်။ ။ တတိယနေရာက ရီးယဲလ်မက်ဒရစ် ခြေချော်လို့ မရသလို ဘက်တစ်ကလည်း နိုင်ပွဲပြန်ရဖို့ ကြိုးစားလာမှာပါ။ ဒါပေမယ့် ထိပ်တန်းကစားသမားကောင်းတွေပိုင်ဆိုင်ထားတဲ့ ရီးယဲလ်မက်ဒရစ်နှစ်ဂိုးတော့ သွင်းနိုင်မှာပါ။

ဝါဒါဘရီမင်-ဒေါ့မွန်။ ။ ဝါဒါဘရီမင်က ဒုတိယနေရာမှာရှိနေပြီး ဒေါ့မွန်က အဆင့်(၆)မှာပါ။ ဒီနှစ်သင်းရဲ့ ခြေစွမ်းက ကွာဟမှုမရှိဘူးဆိုပေမယ့် ဒေါ့မွန်က ချန်ပီယံလိဂ်ပွဲနွံရမှာပါ။ ဒါကြောင့် ဒီပွဲမှာ ဝါဒါဘရီမင်သာ အောင်ပွဲခံသွားဖွယ်ရှိနေပါတယ်။

ဂျီနိုအာ-လက်ချီ။ ။ ဂျီနိုအာက အဆင့်(၁၀)နဲ့ လက်ချီက အဆင့်(၁၈)နေရာမှာပါ။ ဒီနှစ်သင်းရဲ့ခြေစွမ်းက ပြောပလောက်အောင် ကွာဟမှုမရှိပေမယ့် ပလာစီယိုဂိုးမြူးနေခြင်းနဲ့အတူ အိမ်ရှင်ဂျီနိုအာပဲ အနိုင်ကို ပုံဖော်သွားနိုင်မှာပါ။

နိုဗာရာ-ဘိုလော့နာ။ ။ အဆင့်(၁၃)က နိုဗာရာအိမ်ကွင်းကစားအားကောင်းပါတယ်။ ဘိုလော့နာကတော့ ခြေစွမ်းပျက်ယွင်းနေပြီး ဇယားအောက်ခြေမှာပါ။ အိမ်ကွင်းကစားရမယ့်နိုဗာရာ ဂိုးပြတ်ဖို့ မသေချာပေမယ့် အနိုင်သုံးမှတ်တော့ ရသွားမှာပါ။

ချယ်လ်ဆီး- အဲဗာတန်။ ။ ချယ်လ်ဆီးရဲ့ ကစားပုံက အားရဖွယ်မရှိသေးပေမယ့် အဲဗာတန်ထက်တော့ သာပါသေးတယ်။ မန်ယူပွဲကျပ်ကြုံနေချိန်မှာ ချယ်လ်ဆီးတို့ အခွင့်ကောင်းယူဖို့ရှိနေတာကြောင့် ဒီပွဲဟာ စတမ်းဖို့ဒ်အောင်ပွဲဖြစ်သွားမှာပါ။

ဟန်သစ်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေသားပျောက်ဆုံးမှုဖော်ထုတ်အရေးယူ

ရန်ကုန် အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ သုံးပင်တောင်ရပ်နေ ဒေါ်လှရီသည် စက်တင်ဘာ ၈ ရက် ည ၈ နာရီခန့်က နေအိမ်အပေါ်ထပ် အိပ်ရာခေါင်းရင်းရှိ သံသေတ္တာငယ်အတွင်းထည့်ထားသော ရွှေထည်ပစ္စည်း ခြောက်ကျပ်သားခန့်နှင့် ငွေကျပ် ၆၀၀၀၀၀ ကျော်မှာ သံသေတ္တာနှင့်အတူ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဆင်ဖြူကျွန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက မအေးအေးခိုင်ဆိုသူကို စစ်ဆေးခဲ့ရာ ၎င်း၏ ဝန်ခံချက်အရ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ဒေါ်လှရီ အိမ်ရှေ့ဈေးဆိုင်၌ ရှိနေစဉ် နေအိမ်အပေါ်ထပ်သို့တက်ခဲ့ပြီး အိပ်ခန်းအတွင်းရှိ အိပ်ယာခေါင်းရင်းမှ သေတ္တာအားဖွင့်ကြည့်ခဲ့ကြောင်း၊ သေတ္တာအတွင်း၌ ရွှေထည်ပစ္စည်းများနှင့် ငွေများကို တွေ့ရသဖြင့် သေတ္တာအား နေအိမ်အောက်ထပ်မီးဖိုချောင်သို့ ပြောင်းရွှေ့သယ်ယူခဲ့ကြောင်း၊ ထိုမှ မိမိနေအိမ်သို့ သယ်ယူခဲ့ကြောင်း သိရသည်။ မအေးအေးခိုင်နေအိမ်ကို သက်သေများနှင့်အတူရှာဖွေရာ ရွှေထည်ပစ္စည်းနှင့် ငွေကျပ် ၅၁၅၀၀၀ တို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်းနှင့် စလင်းမြို့နယ် နွယ်တမယ်ရွာနေ မအေးအေးခိုင်(၄၃)နှစ်အား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

မြဝတီမြို့နယ်၌ ဆီဘောက်ဆာကား ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွား

မြဝတီ အောက်တိုဘာ ၁၄

မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် အမှတ်(၁၀)ဂိတ်သောင်ရင်းမြစ်ဘေး၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ယာဉ်အမှတ် ၆ခ/၃၃၉၇ ယာဉ်မောင်း အောင်ဆန်းဦး မောင်းနှင်သော ဆီဘောက်ဆာကားအား ဆီဖြည့်နေစဉ် မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ် သုံးစီး၊ ရေကား ၁၅ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူလူထုများ မီးငြိမ်းသတ်ရာ **(ယာပုံ)** မွန်းလွဲ၁ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးသွား ပြီး ဆီဘောက်ဆာကားတစ်စီး၊ ဆီပီပါအလုံး ၅၀ ခန့်နှင့် ဆီဂါလန် ၁၀၀ ကျော် မီးလောင်ကျွမ်း ဆုံးရှုံးသွားကြောင်းသိရသည်။ (၅၇၀)



ဆိုင်ကယ်တစ်စီး ညီအစ်မနှစ်ဦးအားဝင်တိုက်

ရေတာရှည် အောက်တိုဘာ ၁၄

မဆင်မခြင်မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးသည် လမ်းဘေးတွင်ရှိနေသော ညီအစ်မနှစ်ဦးအား ဝင်ရောက်၍တိုက်မိခဲ့သော ဖြစ်ရပ်တစ်ခု အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တောင်နန်ချွန်ရွာအနီး၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ယာဉ်မောင်း မင်းနိုင်(၂၅)နှစ် မြောက်နန်ချွန် ရွာနေသူ မောင်းနှင်သည့် Hanboo.110 ကျောက်စိမ်းရောင်ဆိုင်ကယ်(လိုင်စင်စိစစ်ဆဲ)သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၁၈၇/၁)နှင့် (၁၈၇/၂) အကြား တောင်နန်ချွန်ကျေးရွာအနီး အရောက် လမ်းနံဘေးတွင်ရှိနေသော မသင်းသင်းဦး(၁၃)နှစ် (ဘ) ဦးညွန့်ဝင်း၊ ညီမဖြစ်သူ မဝင်းဝင်းအေး (၉)နှစ်တို့ အားအရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မသင်းသင်းဦး၏ ညာခြေချင်းဝတ် ရောင်ရမ်းနာကျင်ဒဏ်ရာ၊ မဝင်းဝင်းအေး၌ နောက်စေ့ပွန်းပဲ့ဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့နယ်ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

အမှုနှင့်ပတ်သက်၍ ဆိုင်ကယ်ယာဉ်မောင်း မင်းနိုင်(၂၅)နှစ် (ဘ) ဦးကြည်လှိုင် မြောက်နန်ချွန် ကျေးရွာနေသူအား ရေတာရှည်ရဲစခန်းမှ (ပ)၂၀၅/၂၀၁၁ ပုဒ်မ-၃၃၇/၃၃၈ ဖြင့် အမှုဖွင့်၍ ဒုတိယရဲအုပ် အေးချိုက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၅၇၈)

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲနှင့် တတိယလုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ရာ တတိယလုပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

BIDC Cup ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ဗိုလ်လုပွဲတက်

နေပြည်တော် အောက်တိုဘာ ၁၄

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသော BIDC Cup-Bank For Investment and Development of Combodia (BIDC) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးဆုံးအချိန်ထိ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ် ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာလူငယ်အသင်းက ဗီယက်နမ်လူငယ်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

မြန်မာလူငယ်အသင်းအတွက် ပယ်နယ်တီ အနိုင်ဂိုးကို ဂိုးသမားပြည့်ဖြိုးအောင်က လက်စွမ်းပြကာကွယ်ခဲ့သည်။ အခြားအကြိုဗိုလ်လုပွဲတွင် ထိုင်းလူငယ်အသင်းက အိမ်ရှင်ကမ္ဘောဒီးယားလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာလူငယ်အသင်း**(အောက်ပုံ)** နှင့် ထိုင်းလူငယ်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇော်မင်းအောင် (၁၀၇)

စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၁ ခုနှစ် စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေစန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံကြီး၊ မြို့နယ်အားကစားကော်မတီအဖွဲ့ဝင် မောလိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲအဖြစ် ဘောလုံးကွင်းရပ်ကွက်အသင်းနှင့် ရွှေပြားရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘောလုံးကွင်းရပ်ကွက်အသင်းက ရွှေပြားရပ်ကွက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေစန်းက ပထမဆုရ ဘောလုံးကွင်းရပ်ကွက်အသင်းအား ပထမဆုနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကံကြီးက ပထမဆုရဘောလုံးကွင်းရပ်ကွက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင် မောလိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက ဒုတိယဆုရ ရွှေပြားရပ်ကွက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးအသင်းဆုရ မင်းဂံရပ်ကွက်အသင်း၊ ဂိုးသမားအကောင်းဆုံးဆုရ ဘောလုံးကွင်းရပ်ကွက်အသင်းမှ ကျော်အေးထွန်း၊ နောက်တန်းအကောင်းဆုံးဆုရ ဘောလုံးကွင်းရပ်ကွက်အသင်းမှ ရန်ငြိမ်းချေ၊ အလယ်တန်း အကောင်းဆုံးဆုရ ရွှေပြားရပ်ကွက်အသင်းမှ ကျော်နိုင်၊ ရှေ့တန်းအကောင်းဆုံးဆုရ ရွှေပြားရပ်ကွက်အသင်းမှ ကျော်ဆန်းဦးနှင့် အကောင်းဆုံးအားကစားသမားဆုရ ဘောလုံးကွင်းရပ်ကွက်အသင်းမှ မင်းကိုသူတို့အား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဓမ္မစရိယာစ ဧတံ မင်္ဂလ မုတ္တမံ | တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အာရှအနုပညာပွဲတော်ကျင်းပရေးကော်မတီနှင့် ယူနန်ရုပ်မြင်သံကြားဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးနှင့် မြန်မာ-တရုတ် ရုပ်သံဇာတ်လမ်းတွဲများ၊ ရုပ်ရှင်များ ပူးတွဲထုတ်လုပ်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၁၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ (၁၂)ကြိမ်မြောက် အာရှအနုပညာပွဲတော်ကျင်းပရေးကော်မတီမှ ဒါရိုက်တာချုပ်(၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား စီမံခန့်ခွဲမှုဒါရိုက်တာချုပ်) မစ္စတာ ဟူကြွေ့ယင် ဦးဆောင်သည့် ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအတွက် စီမံထားသည့် အစီအစဉ်များ၊ မြန်မာနိုင်ငံသမိုင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ဖော်ပြသည့် ကကွက်တင်ဆက်မှုအစီအစဉ်များ၊ အသံ၊ မီးအလင်းရောင်၊ အိုင်တီနည်းပညာများနှင့် ပေါင်းစပ်ဖော်ဆောင်မည့် အစီအစဉ်များအပေါ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြီး အကြံပြုချက်နှင့် သိရှိလိုသည်များကို ဆွေးနွေးပြောကြားရာ မစ္စတာ ဟူကြွေ့ယင်နှင့် ကော်မတီဝင်များက တရုတ်နိုင်ငံ အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် အတွေ့အကြုံကိုအခြေခံ၍ ကြိုတင်ပြင်ဆင်သင့်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံဘက်သို့ ကျွမ်းကျင်ပညာရှင်များစေလွှတ်ပြီး မြေပြင်အခြေအနေနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို လေ့လာ၍ လိုအပ်ချက်များကို ပြုစုရန်နှင့် ယင်းတွေ့ရှိမှုအပေါ် အခြေခံကာ ဒုတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံဘက်မှ လိုအပ်ချက်များကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် တရုတ်နိုင်ငံဘက်မှ ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြန်လည်အကြံပြုဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ယူနန်ပြည်နယ်ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ မစ္စတာ ဇောင်ရှုချင်းနှင့်အဖွဲ့အား တွေ့ဆုံပြီး မြန်မာ-တရုတ် ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်များ ပူးတွဲရိုက်ကူး၊ ထုတ်လုပ်ပြသရေးအတွက် ၂၀၀၇ ခုနှစ်ကတည်းက ပေကျင်းမြို့၌ တရုတ်နိုင်ငံခေါင်းဆောင်များနှင့် စတင်ဆွေးနွေးခဲ့ရာ ယခုလက်တွေ့ အကောင်အထည်ဖော်နိုင်ပြီ ဖြစ်ပါကြောင်း၊ ဤသို့ ပူးပေါင်းထုတ်လုပ် ပြသခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့၌ (၁၂) ကြိမ်မြောက် အာရှအနုပညာပွဲတော် ကျင်းပရေးကော်မတီမှ ဒါရိုက်တာချုပ် (၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား စီမံခန့်ခွဲမှုဒါရိုက်တာချုပ်) မစ္စတာ ဟူကြွေ့ယင် ဦးဆောင်သည့် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။
(သတင်းစဉ်)

လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ကျွမ်းကျင်မှု၊ ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်မှု၊ စိတ်စေတနာ မှန်ကန်ကောင်းမွန်မှုတို့နှင့်ပြည့်စုံရန် အရေးကြီး၊ ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုကို အခြေခံပြီး ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များကို ဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်က နားလည်သဘောပေါက်ပြီး ပြည့်ဝအောင်မြင်စေရေး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံ လုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကရင်ပြည်နယ်/ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

BIDC Cup မြန်မာလူငယ်ဗိုလ်လုပွဲတက်

"ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် **BIDC Cup** ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်နှင့် ထိုင်းလူငယ်တို့ ဗိုလ်လုမည်"

အားကစားသတင်း
စာမျက်နှာ - ၁၀

လိဂ်ပွဲများမှ စိတ်ကြိုက်ခုနစ်ပွဲ

"ဆီဗီလာ-စပို့တင်းဂီဂျွန်၊ ဘာစီလိုနာ-ရေဆင်း၊ ရီးယဲလ်မက်ဒရစ်-ဘက်တစ်၊ ဝါဒါဘရီမင်-ဒွေ့မွန်၊ ဂျီနိုအာ-လက်ချီ၊ နိုဗာရာ-ဘိုလော့နာ၊ ချယ်လ်ဆီး-အဲဗာတန်"

အားကစားသတင်း
စာမျက်နှာ - ၁၀